ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၅၀ကျပ် ငွေနှစ်ရာငါးဆယ်ကျပ် K 250



# "မီးစက်အငှားရောင်း– နှစ်ဦးသဘောတူကတိစာချုပ်"

**Brand New Matador Generator VP-670 (Open Type) 625 KVA (2)Units**
**(So No. MYK-BSO-UNT-2023-09-0001)**
**(Sr No. 2309053/2309054)**
**Contract No. WL/HS-027/2024**

၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ(၁၂)ရက်နေ့တွင် မြိတ်မြို့၌ အောက်အမည်ပါသူတို့က Brand New Matador Generator VP-670 (Open Type) 625KVA(2)Units မီးစက်အငှားရောင်း သဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆို ကြသည်မှာ–

မီးစက်အငှားရောင်းချသူ ။ ။ ဒေါ်မွန်မွန်ဦး (ဘ) ဦးစိုးတင့်
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် — ၈/ပခက(နိုင်)၂၆၂၀၄၁
(for and on the behalf of Winnning Way Co., Ltd.)
အမှတ်(၂၆၄)၊ ကမ်းနားလမ်းနှင့် ရွှေပြည်တန်လမ်း၊ သာကေတရပ်ကွက်၊ မြိတ်မြို့။

မီးစက်အငှားဝယ်ယူသူ ။ ။ ဦးသက်ဖြိုးလွင် (ဘ) ဦးမြင့်လွင်
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် — ၁၂/လသန(နိုင်)၀၂၀၃၈၄
လုပ်ငန်းအမည် — Shwe Kan Maw Co.,Ltd.
အမှတ်– အမှတ်(၁၀၆)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း– ၀၉–၇၉၅၁၁၈၈၁၁။

(မီးစက်အငှားရောင်းချသူနှင့် မီးစက်အငှားဝယ်ယူသူဟူသော စကားရပ်များကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ဤသဘောတူစာချုပ်တွင် သီးခြားဖော်ပြထားခြင်းမရှိပါက ၎င်းတို့ကိုယ်တိုင်အသီးသီးတို့အပြင် ၎င်းတို့၏ဇနီး/ခင်ပွန်း၊ သား/သမီးများ၊ အမွေစား/အမွေခံများ၊ ဥပဒေနှင့်အညီအကျိုးခံစားခွင့်ရှိကြသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ကိုယ်စားပြုခံရသူများ အားလုံးပါဝင်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။)

၁။ အငှားရောင်းချသူသည် ကုမ္ပဏီစီးပွားရေးလုပ်ငန်းအရ ရောင်းဝယ်လျက်ရှိသည့် Brand New Matador Generator VP-670 (Open Type) 625KVA (2)Units အတွက် စုစုပေါင်းတန်ဖိုးငွေ~~တန်ဖိုးငွေ~~ USD – 143,000/- (USD – One Hundred and Forty Three Thousand Only) ကို ကာလပေါက်ဈေးနှင့်ညီမျှသောမြန်မာကျပ်ငွေ Landed Myeik နှုန်းဖြင့် ရောင်းချရန်အတွက် အဆိုပြု ကမ်းလှမ်းလာသည်ကို အဆိုပါတန်ဖိုးဖြင့်ပင် ဝယ်ယူရန် မီးစက်ဝယ်ယူသူ မှ သဘောတူညီသဖြင့် ယနေ့တွင် ဤသဘောတူစာချုပ်ချုပ်ဆို၍ မီးစက်ဝယ်ယူသူမှ နောက်ဆက်တွဲပါ စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရန် သဘောတူညီပြီးဖြစ်သည်ဟု မှတ်ယူဝန်ခံလျက် နှစ်ဦးသဘောတူ ရောင်းချလိုက် ပါသည်။

၂။ ဤစာချုပ်ပါ "မီးစက်" ဟူသောစကားရပ်တွင် အငှားရောင်းချသည့်မူလမီးစက်နှင့် စက်အပိုပစ္စည်းများ၊ အငှား ရောင်းချသူမှ လဲလှယ်တပ်ဆင်ပေးသည့် စက်အပိုပစ္စည်းများ ပါဝင်သည်ဟုမှတ်ယူရမည်။ သို့ရာတွင် အငှားဝယ်ယူသူမှ မိမိသဘောအလျောက် အငှားရောင်းချသူ၏ ခွင့်ပြုချက်မရရှိပဲ လဲလှယ်တပ်ဆင်ထားသည့် မီးစက်နှင့်စက်အပိုပစ္စည်းများ ပါဝင်ခြင်းမရှိစေရ။

၃။ ရောင်းချသူကမိမိရောင်းချသော Brand New Matador Generator VP-670 (Open Type) 625KVA (2)Units မီးစက်သည်အသစ်ဖြစ်ကြောင်းနှင့် ယင်းမီးစက်အား (၁)နှစ်ခွဲ (သို့မဟုတ်) Unlimited Hours အထိအာမခံပါသည်။ စေ့ရောက်သည့်နေ့ဆိုသည်မှာ စတင်ဝယ်ယူချိန်မှစ၍ တစ်နှစ်ခွဲပြည့်မြောက်သောနေ့ (သို့မဟုတ်) Unlimited Hours ကို သတ်မှတ်ခြင်းဖြစ်ပါသည်။

၄။ ထိုအာမခံသည့်ကာလအတွင်း အငှားဝယ်ယူသူ ဘက်သို့ ရောင်းချသူဘက်မှ Service Engineer တစ်ယောက် ပေးထားပါသည်။ ထို ပေးထားသော Service Engineer ပေါ့လျော့မှုကြောင့်မဟုတ်ဘဲ အငှားဝယ်ယူသူ၏ လုပ်ငန်း ဘက်ခြမ်းမှ error ကြောင့် ပြင်ဆင်ရာတွင် စက်အရံပစ္စည်း (Spare Parts) တစ်စုံတစ်ရာ အစားထိုးလဲလှယ်ပေးရပါက အငှားဝယ်ယူသူကအဆိုပါ ပစ္စည်း၏တန်ဖိုးကို ပေးရန်တာဝန်ရှိကြောင်း သဘောတူညီပါသည်။

၅။ အငှားရောင်းချခဲ့သောမီးစက်ကို ပစ္စည်းလွှဲပြောင်းလက်ခံရမည့် နေ့ရက်မှစ၍(၁)လအတွင်း ပစ္စည်းလွှဲပြောင်း လက်ခံရယူရမည်။ စာချုပ်ချုပ်ဆိုသည့်နေ့မှ(၂)လအတွင်း ပစ္စည်းလွှဲပြောင်းလက်ခံရယူခြင်းမရှိပါက အခြားဝယ်ယူမည့် သူများသို့ မီးစက်ကိုလွှဲပြောင်းရောင်းချမည်ဖြစ်ပြီး နောက်တစ်ကြိမ်ပစ္စည်းလက်ခံရရှိသည့်အခါမှသာ မီးစက်ကို ရရှိနိုင်မည်ဖြစ်ကြောင်း အငှားဝယ်ယူသူမှ သဘောတူညီပါသည်။

စာမျက်နှာ(၂)သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၅၀ကျပ် ငွေနှစ်ရာ့ငါးဆယ်ကျပ် K 250



၆။ အငှားဝယ်ယူသူသည် အငှားရောင်းချသူကသတ်မှတ်ထားသော အရစ်ကျငွေပေးချေပြီးမှသာလျှင် ယင်းမီးစက်၏ ပိုင်ဆိုင်မှု (Title of Ownership) သည် အငှားဝယ်ယူသူ၏ လက်ဝယ်သို့ ရောက်ရှိသည်ဟု သဘောပေါက်နားလည်ပါသည်။ အကယ်၍သတ်မှတ်အရစ်ကျငွေများကို ပေးချေရန်ပျက်ကွက်၍ စာချုပ်ပျက်ပြယ်ပါက အငှားရောင်းချသူနှင့် အငှားဝယ်ယူသူတို့ နှစ်ဖက်ညှိနှိုင်းဆွေးနွေးရန် သဘောတူလက်ခံပါသည်။

၇။ <u>အငှားရောင်းချသူ၏ တာဝန်နှင့်အခွင့်အရေးများ</u>

(က) အငှားရောင်းချသူက မိမိရောင်းချသောမီးစက်အား သတ်မှတ်ထားသောစည်းကမ်းနှင့်အညီ စိတ်အေးချမ်းသာစွာ အသုံးချနိုင်ရန်အတွက် လိုအပ်သည်များကိုဆောင်ရွက်လျက် ရောင်းချသည့်သတ်မှတ်ရက်ဖြစ်သော (၁၅-၁-၂၀၂၄) အတွင်းတွင် လက်ရောက်ပေးအပ်ရပါမည်။အကယ်၍ သယ်ယူပို့ဆောင်ရေးလမ်းခရီးတွင် နိုင်ငံရေးစစ်ပွဲကြောင့် ကြန့်ကြာမှုများ ဖြစ်ပေါ်လာပါက နှစ်ဦးနှစ်ဖက် ထပ်မံညှိနှိုင်းဆွေးနွေးရန် သဘောတူပါသည်။

(ခ) အာမခံကတိပေးထားသည့်အတိုင်း ရောင်းချသည့် ကုမ္ပဏီဘက်မှ မီးစက်နှင့်ပတ်သက်သည့် Engineer တစ်ဦးအား အဆင်သင့်ပေးအပ်ထားမည်ဖြစ်ပြီး မီးစက်အတွက် လိုအပ်ချက်များအား အချိန်နှင့်တပြေးညီ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သဘောတူလက်ခံပါသည်။

(ဂ) အငှားဝယ်ယူသူက နောက်ဆက်တွဲ ' က ' ပါ စည်းကမ်းများကိုဖောက်ဖျက်၍ အရစ်ကျပေးရန် ပျက်ကွက်ခြင်းရှိခဲ့လျှင် အရစ်ကျပေးရန် <u>ပျက်ကွက်သည့်နှင့်တစ်ပြိုင်နက်</u> အငှားရောင်းချသူက အငှားရောင်းချစာချုပ်ကို ဖျက်သိမ်းစေခြင်းနှင့် အငှားရောင်းချသည့်မီးစက်အား ပြန်လည်သိမ်းယူခြင်း ဖြစ်ပေါ်လာပါက နှစ်ဖက်ညှိနှိုင်းဆွေးနွေးရန် သဘောတူလက်ခံပါသည်။

(ဃ) အငှားဝယ်ယူသူထံမှ အရစ်ကျပေးငွေအားလုံးကိုလက်ခံရရှိပြီးပါက ငွေအကြေအရောင်းအဝယ်စာချုပ်ကို ထပ်မံချုပ်ဆိုပေးပါမည်။

(င) အငှားရောင်းချသူမှ ရောင်းချသည့်မီးစက်သည် ၎င်းတစ်ဦးတည်းပိုင်ဖြစ်၍ မည်သည့်အရှုပ်အရှင်း ကြွေးမြီမျှ မရှိကြောင်း ဝန်ခံကတိပြုပါသည်။

၈။ <u>အငှားဝယ်ယူသူ၏ တာဝန်နှင့်အခွင့်အရေးများ</u>

(က) အငှားဝယ်ယူသူသည် မိမိဝယ်ယူသည့်မီးစက်ကို လက်ခံရရှိသည့်အခါတွင် မိမိမှာယူသည့်အမျိုးအစား၊ မော်ဒယ်၊ အသေးစိတ်အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေး၍ လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးလက်ခံရမည်။

(ခ) အငှားဝယ်ယူသူသည် အာမခံသည့်ကာလအတွင်း မိမိဝန်ထမ်းများ၏ တာဝန်ပျက်ကွက်မှုကြောင့်မဟုတ်လျှင် အခမဲ့ပြင်ဆင်ပေးသည်ကိုရရှိမည်။ ပြင်ဆင်ပေးရာတွင် အငှားရောင်းချသူ၏ဝန်ထမ်းများမှ ကုမ္ပဏီ၏တည်ရှိရာ နေရာနှင့် မိုင်(၄၀)အကွာအဝေးအတွင်း အငှားရောင်းချသည့်မီးစက်ကို ပြင်ဆင်ပေးရပါက ပြင်ဆင်ပေးမည့် ဝန်ထမ်းများ၏ စရိတ်ကိုပေးအပ်ရန်မလိုပါ။

(ဂ) မီးသင့်လောင်ခြင်း၊ မုန်တိုင်းကျခြင်း၊ ရေလွှမ်းမိုးခြင်းနှင့် အခြားမလွန်ဆန်နိုင်သော သဘာဝဘေးအန္တရာယ် အကြောင်းများကြောင့် မီးစက်ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်လာခဲ့ပါက နှစ်ဖက်ညှိနှိုင်းဆွေးနွေး၍ နှစ်ဦးနှစ်ဖက်ပြေလည်စွာ ဖြေရှင်းသွားပါမည်။

(ဃ) အငှားဝယ်ယူသည့်မီးစက်ကို ငွေအပြေအကြေမပေးချေမီကာလအတွင်း ဤစာချုပ်တွင်အဆိုပြုထားသည့် နေရာတွင်သာအသုံးပြုရမည်။ နေရာပြောင်းရွှေ့အသုံးပြုလိုပါက အငှားရောင်းချသူ၏ ခွင့်ပြုသဘောတူညီမှုဖြင့်သာ နေရာပြောင်းရွှေ့ခွင့်ရှိသည်။

(င) အငှားဝယ်ယူသည့်မီးစက်ကို ဥပဒေနှင့်မညီသည့်မည်သည့်ကိစ္စတွင်မှအသုံးမပြုရ။ ယင်းသို့အသုံးပြုခြင်းကြောင့် အငှားရောင်းချသူတွင် ဆုံးရှုံးနစ်နာမှုတစ်စုံတစ်ရာဖြစ်ပေါ်ခဲ့ပါက အငှားဝယ်ယူသူမှ မီးစက်တန်ဖိုးပြည့်မီအောင် ပေးလျော်ပါမည်ဟု သိရှိသဘောတူ ဝန်ခံကတိပြုပါသည်။

(စ) အငှားဝယ်ယူသူအနေဖြင့် မိမိစိတ်တိုင်းကျကြည့်ရှုစစ်ဆေးပြီးမှ ဝယ်ယူသည့်အတွက်စရံငွေကို ပြန်လည်တောင်းခံခြင်းမပြုသကဲ့သို့ ပေးသွင်းရမည့်အရစ်ကျငွေအားလုံးကို သတ်မှတ်ထားသည့်ကာလအတွင်း မှန်မှန်ပေးချေရန် တာဝန်ရှိကြောင်း သိရှိသဘောတူ ဝန်ခံကတိပြုပါသည်။

(ဆ) အငှားဝယ်ယူသူသည် အရစ်ကျပေးချေရမည့်ကျသင့်သည့်ငွေများကို သတ်မှတ်ထားသောကာလအတွင်း အပြေအကြေပေးချေရန်ပျက်ကွက်ပါက ရောင်းချသည့်ကုမ္ပဏီ၏ ငွေကြေးလည်ပတ်စီးဆင်းမှု နှောင့်နှေးကြန့်ကြာစေသည့်အတွက် နစ်နာမှုရှိသည့်အားလျော်စွာ အငှားဝယ်ယူသူက နစ်နာကြေးအဖြစ်ပေးဆောင်ရန် ကျန်ရှိသည့် စုစုပေါင်းတန်ဖိုးငွေပေါ်မဟုတ်ဘဲ လအလိုက် သတ်မှတ်ထားသောကာလအတွင်းတွင် ပေးသွင်းရမည့် တန်ဖိုးငွေ၏ (၅%) တွက်ချက်၍ ပေးရမည်ဖြစ်သည့်အပြင် ကျန်ငွေပေးချေရန် (၁)လတိတိ ဆက်လက်ပျက်ကွက်ပါက မီးစက်တွင်ပါရှိသော (Control Module/EFC Card/ECU/AVR) တို့အား ဖြုတ်သိမ်းမည်ဖြစ်သည်။

စာမျက်နှာ(၃)သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၅၀ကျပ် ငွေနှစ်ရာငါးဆယ်ကျပ် K 250



(ဈ) အငှားဝယ်ယူသူသည် ကျန်ငွေပေးချေရန်(၂)လတိတိ ဆက်လက်ပျက်ကွက်နေပါက ဤသဘောတူစာချုပ်ပါအတိုင်း အငှားရောင်းချသူမှ ဝယ်ယူထားသည့်မီးစက်ကို ပြန်လည်အပ်နှံပေးရမည်ဖြစ်ပြီး၊ အငှားဝယ်ယူသူမှအငှားရောင်းချသူသို့ ကနဦးပေးသွင်းထားသော မီးစက်တန်ဖိုးငွေများအား ညှိနှိုင်းတွက်ချက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို သိရှိသဘောတူပါသည်။
(ည) အငှားဝယ်ယူသူသည် အငှားရောင်းချသူထံမှ အပ်နှံထားသည့်မီးစက်ကို ပြန်လည်ရွေးယူလိုလျှင် မီးစက်အပ်နှံခဲ့စဉ်က ကုန်ကျခဲ့သော သယ်ယူကုန်ကျစရိတ်များနှင့် ပေးရန်ကျန်ရှိနေသောငွေကြေးအဝဝကို အပြေအကြေ ပေးချေပြီးမှ သာလျှင် ပြန်လည်ရွေးယူနိုင်မည်ဖြစ်ပါသည်။
(ဋ) မီးစက်အားပြန်လည်သိမ်းဆည်းခြင်းခံရပါက မီးစက်ဝယ်ယူသူမှ အသုံးပြုခဲ့သောနာရီအလိုက် ကျသင့်တန်ဖိုးများရှိခဲ့သော ထိုငွေကြေးနှင့် ပတ်သက်၍ နှစ်ဦးနှစ်ဖက် ဆွေးနွေးညှိနှိုင်းပြီး ပြေလည်အောင် ဖြေရှင်းဆောင်ရွက်သွားပါမည်။
(ဌ) အငှားဝယ်မီးစက်အား သတ်မှတ်ထားသော စာချုပ်ကာလအတွင်း ငွေများအပြေအကြေပေးချေခြင်း မရှိသေးပါက အငှားဝယ်ယူသူသည် ဖော်ပြပါမီးစက်ကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ တစ်ဆင့်ပြန်လည် ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ရွှေ့ပြောင်းခြင်း၊ စွန့်လွှတ်လျှုဒါန်းခြင်း၊ အာမခံအဖြစ် တင်သွင်းခြင်း၊ အခြားနည်းအရလွှဲပြောင်းခြင်း စသည့်မည်သည့်ကိစ္စကိုမျှ လုပ်ဆောင်ပိုင်ခွင့်မရှိကြောင်း သိရှိသဘောတူပါသည်။ ဖော်ပြပါအချက်များကိုဖောက်ဖျက်ပါက တည်ဆဲဥပဒေ တစ်ရပ်ရပ်နှင့်အညီ တရားစွဲဆိုခံရမည်ဖြစ်ပြီး တရားစရိတ်အဝဝကို အငှားဝယ်ယူသူမှ ကျခံရမည်ဖြစ်ကြောင်း နှင့် ပေါ်ပေါက်လာသော နစ်နာမှုအပေါ် ကုမ္ပဏီမှသတ်မှတ်သော နစ်နာကြေးကိုလည်း ပေးလျော်ရန် သိရှိသဘောတူ ဝန်ခံကတိပြုပါသည်။
၉။ ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များနှင့်ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက Winning Way Co., Ltd အထွေထွေမန်နေဂျာ (General Manager) နှင့် မီးစက်ဝယ်သူဘက်မှ တာဝန်ယူဆုံးဖြတ်နိုင်သည့် ပုဂ္ဂိုလ် တို့၏ နှစ်ဦးနှစ်ဖက်ဆွေးနွေး ညှိနှိုင်းဆောင်ရွက်ရန် သဘောတူပါသည်။

ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များကို အငှားရောင်းချသူနှင့် အငှားဝယ်ယူသူတို့က နှစ်ဦးနှစ်ဖက်အကြေအလည် ဆွေးနွေးပြီးနောက် ကိုယ်တိုင်ဖတ်ရှုသိရှိ ကောင်းစွာနားလည်သဘောပေါက်ကြပြီး မည်သူတစ်ဦးတစ်ယောက်က ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်သြဇာ အသုံးပြုခြင်း စသည်တို့လုံးဝကင်းရှင်းလျှက် မိမိတို့၏လွတ်လပ်သော သဘောဆန္ဒနှင့်အညီ အောက်ပါအသိသက်သေများ၏ရှေ့မှောက်တွင် အတည်ပြုလက်မှတ်ရေးထိုး၍ ဤသဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြပါသည်။

| မီးစက်အငှားရောင်းချသူ | မီးစက်အငှားဝယ်ယူသူ |
|---|---|
| (signature) | (signature) 18.1.24 |
| ဒေါ်မွန်မွန်ဦး (၈/ပခက(နိုင်)၂၆၂၀၄၁) | ဦးသက်ဖြိုးလွင် (၁၂/လသန(နိုင်)၀၂၀၃၈၄) |
| (for and on the behalf of Winning Way Co.,Ltd.) | (Shwe Kan Maw Co.,Ltd.) |

အသိသက်သေများ

| | | | |
|---|---|---|---|
| လက်မှတ် | – (signature) | လက်မှတ် | – (signature) |
| အမည် | – ခိုင်ဝင်း | အမည် | – Sandar Win |
| နသအမှတ် | – ၁၄/အမန(နိုင်)၂၀၈၂၂၅ | နသအမှတ် | – ၁၂/သဃက(နိုင်)၁၄၃၉၈၈ |
| နေရပ် | – အမှတ်(၂၆၄)၊ ကမ်းနားလမ်းနှင့်ရွှေပြည်တန်လမ်း၊နေရပ် – သာကေတရပ်ကွက်၊မြိတ်မြို့၊ တနင်္သာရီတိုင်း။ | | – အမှတ်(၁၈၆)၊ ပန်းဆိုးတန်းလမ်း၊ လမ်း ၃၃ နှင့် ၃၄ ကြား၊ ကျောက်တံတားမြို့နယ်။ |

လက်မှတ်– (signature)
အမည် – မေသဇင်ကျော်
နသအမှတ် – ၆/ပလန(နိုင်)၁၀၅၅၆၄
နေရပ် – အမှတ်(၂၆၄)၊ ကမ်းနားလမ်းနှင့်ရွှေပြည်တန်လမ်း၊
သာကေတရပ်ကွက်၊မြိတ်မြို့၊ တနင်္သာရီတိုင်း။

စာမျက်နှာ(၄)သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၅၀ကျပ် ငွေနှစ်ရာ့ငါးဆယ်ကျပ် K 250



နောက်ဆက်တွဲ 'က'

## အငှားရောင်းချခြင်းနှင့်စပ်လျဉ်းသည့်ငွေပေးချေခြင်းအသေးစိတ်

၁။ ရောင်းချသည့် မီးစက်အမျိုးအမည်- Brand New Matador Generator VP-670 (Open Type) 625KVA (2)Units

၂။ သတ်မှတ်အငှားရောင်းဈေး- (2)Units အတွက် စုစုပေါင်းတန်ဖိုးငွေ USD-143,000/- (USD – One Hundred and Forty Three Thousand Only) Landed Myeik ဖြစ်ပါသည်။

၃။ ငွေပေးချေခြင်းစနစ်

1st Payment – (2)Units အတွက် ပထမအရစ်ကျငွေအဖြစ် တန်ဖိုးငွေ ၁၀% USD-14,300/- (USD – Fourteen Thousand and Three Hundred Only) ကို ကာလပေါက်ဈေးနှင့်ညီမျှသောမြန်မာကျပ်ငွေဖြင့် (၁၉-၉-၂၀၂၃) ရက်နေ့တွင် (RV NO. HQT-RV-2023-09-0569)၊ (၂၀-၉-၂၀၂၃) ရက်နေ့တွင် (RV NO. WW-RT-23090093)ဖြင့် ရောင်းချသူ၏ မြိတ်ရုံးသို့ ပေးချေရာ လက်ခံရရှိပြီးဖြစ်ပါသည်။

2nd Payment – (2)Units အတွက် ဒုတိယအရစ်ကျငွေအဖြစ် တန်ဖိုးငွေ ၂၀% USD-28,600/- (USD – Twenty Eight Thousand and Six Hundred Only) ကို ကာလပေါက်ဈေးနှင့်ညီမျှသောမြန်မာကျပ်ငွေဖြင့် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ စာချုပ်ချုပ်ဆိုချိတ်တွင် ရောင်းချသူ၏ မြိတ်ရုံးသို့ ပေးချေရန် သဘောတူပါသည်။

3rd Payment – (2)Units အတွက် တတိယအရစ်ကျငွေအဖြစ် တန်ဖိုးငွေ USD-8,341.67/- ကို ကာလပေါက်ဈေးနှင့် ညီမျှသောမြန်မာကျပ်ငွေဖြင့် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရောင်းချသူ၏ မြိတ်ရုံးသို့ ပေးချေရန် သဘောတူပါသည်။

4th Payment – (2)Units အတွက် စတုတ္ထအရစ်ကျငွေအဖြစ် တန်ဖိုးငွေ USD-8,341.67/- ကို ကာလပေါက်ဈေးနှင့် ညီမျှသောမြန်မာကျပ်ငွေဖြင့် ၂၀၂၄ ခုနှစ်၊ မတ်လတွင် ရောင်းချသူ၏ မြိတ်ရုံးသို့ ပေးချေရန် သဘောတူပါသည်။

5th Payment – (2)Units အတွက် ပဉ္စမအရစ်ကျငွေအဖြစ် တန်ဖိုးငွေ USD-8,341.67/- ကို ကာလပေါက်ဈေးနှင့် ညီမျှသောမြန်မာကျပ်ငွေဖြင့် ၂၀၂၄ ခုနှစ်၊ ဧပြီလတွင် ရောင်းချသူ၏ မြိတ်ရုံးသို့ ပေးချေရန် သဘောတူပါသည်။

6th Payment – (2)Units အတွက် ဆဋ္ဌမအရစ်ကျငွေအဖြစ် တန်ဖိုးငွေ USD-8,341.67/- ကို ကာလပေါက်ဈေးနှင့် ညီမျှသောမြန်မာကျပ်ငွေဖြင့် ၂၀၂၄ ခုနှစ်၊ မေလတွင် ရောင်းချသူ၏ မြိတ်ရုံးသို့ ပေးချေရန် သဘောတူပါသည်။

7th Payment – (2)Units အတွက် သတ္တမအရစ်ကျငွေအဖြစ် တန်ဖိုးငွေ USD-8,341.67/- ကို ကာလပေါက်ဈေးနှင့် ညီမျှသောမြန်မာကျပ်ငွေဖြင့် ၂၀၂၄ ခုနှစ်၊ ဇွန်လတွင် ရောင်းချသူ၏ မြိတ်ရုံးသို့ ပေးချေရန် သဘောတူပါသည်။

8th Payment – (2)Units အတွက် အဋ္ဌမအရစ်ကျငွေအဖြစ် တန်ဖိုးငွေ USD-8,341.67/- ကို ကာလပေါက်ဈေးနှင့် ညီမျှသောမြန်မာကျပ်ငွေဖြင့် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လတွင် ရောင်းချသူ၏ မြိတ်ရုံးသို့ ပေးချေရန် သဘောတူပါသည်။

9th Payment – (2)Units အတွက် နဝမအရစ်ကျငွေအဖြစ် တန်ဖိုးငွေ USD-8,341.67/- ကို ကာလပေါက်ဈေးနှင့် ညီမျှသောမြန်မာကျပ်ငွေဖြင့် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လတွင် ရောင်းချသူ၏ မြိတ်ရုံးသို့ ပေးချေရန် သဘောတူပါသည်။

10th Payment – (2)Units အတွက် ဒသမ အရစ်ကျငွေအဖြစ် တန်ဖိုးငွေ USD-8,341.67/- ကို ကာလပေါက်ဈေးနှင့် ညီမျှသောမြန်မာကျပ်ငွေဖြင့် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင် ရောင်းချသူ၏ မြိတ်ရုံးသို့ ပေးချေရန် သဘောတူပါသည်။

စာမျက်နှာ(၅)သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၅၀ကျပ် ငွေနှစ်ရာငါးဆယ်ကျပ် K 250

( ၅ )

11th Payment – (2)Units အတွက် (၁၁)ကြိမ်အရစ်ကျငွေအဖြစ် တန်ဖိုးငွေ USD-8,341.67/- ကို ကာလပေါက်ဈေးနှင့် ညီမျှသောမြန်မာကျပ်ငွေဖြင့် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလတွင် ရောင်းချသူ၏ မြိတ်ရုံးသို့ ပေးချေရန် သဘောတူပါသည်။

12th Payment – (2)Units အတွက် (၁၂)ကြိမ်အရစ်ကျငွေအဖြစ် တန်ဖိုးငွေ USD-8,341.67/- ကို ကာလပေါက်ဈေးနှင့် ညီမျှသောမြန်မာကျပ်ငွေဖြင့် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလတွင် ရောင်းချသူ၏ မြိတ်ရုံးသို့ ပေးချေရန် သဘောတူပါသည်။

13th Payment – (2)Units အတွက် (၁၃)ကြိမ်အရစ်ကျငွေအဖြစ် တန်ဖိုးငွေ USD-8,341.67/- ကို ကာလပေါက်ဈေးနှင့် ညီမျှသောမြန်မာကျပ်ငွေဖြင့် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ရောင်းချသူ၏ မြိတ်ရုံးသို့ ပေးချေရန် သဘောတူပါသည်။

Final Payment – (2) Units အတွက် ကျန်ငွေ USD-8,341.67/- ကို ကာလပေါက်ဈေးနှင့်ညီမျှသောမြန်မာကျပ်ငွေဖြင့် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလတွင် ရောင်းချသူ၏ ရန်ကုန်ရုံးသို့ ပေးချေရန် သဘောတူပါသည်။

(မှတ်ချက် ။ ။ မီးစက်ဝယ်ယူသူမှ ပေးချေရမည့် ငွေများအားလုံးကို (Winning Way Co.,Ltd Bank Account No. 02150302105481601) သို့ ပေးသွင်းရမည်ဖြစ်ပါသည်။)

(Remark : FOC- Fuel Day Tank 1000 liters (2)Units)

၄။ ဝယ်ယူသူမှငွေပေးချေမှုများကို သတ်မှတ်ထားသည့် အငှားရောင်းကာလ (၁၂)လအတွင်း (၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ) နောက်ဆုံးထား၍ ကျန်ငွေများကိုမပျက်မကွက်မှန်မှန် အပြီးအပြတ်အပြေအကြေပေးချေရန် သဘောတူညီ ကြပါသည်။

၅။ မီးစက်လွှဲပြောင်းချိန် ။ ။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ။

၆။ မီးစက်လွှဲပြောင်းချိန်တွင် မီးစက်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို မီးစက်အငှားရောင်းချသူမှ မီးစက်အငှားဝယ်ယူသူသို့ စက်နှင့်အတူတစ်ပါတည်း လွှဲပြောင်းပေးအပ်ရာ လက်ခံရရှိကြောင်း ဝန်ခံကတိပြုပါသည်။

၇။ အရစ်ကျပေးသွင်းရာတွင် သတ်မှတ်သည့် သဘောတူညီချက်များ –

(က) အရစ်ကျငွေကို သတ်မှတ်ရက်တွင် တိကျစွာပေးချေရန် သဘောတူညီပါသည်။

(ခ) အရစ်ကျပေးရန်ပျက်ကွက်ပါက ပေးပြီးအရစ်ကျငွေများသည် ငှားရမ်းခပင်ဖြစ်သည်ကို နားလည်ပါသည်။

(ဂ) အရစ်ကြေးပေးရန်ပျက်ကွက်ခြင်းကြောင့် အငှားရောင်းကတိပျက်ကွက်သဖြင့် အငှားရောင်းမီးစက်ကို အငှားဝယ်ယူသူက ရောင်းချသူသို့ ပြန်လည်အပ်နှံပေးရမည်ကို ကောင်းစွာသိရှိနားလည်ပြီး သဘောတူ လက်ခံပါသည်။

| မီးစက်အငှားရောင်းချသူ | မီးစက်အငှားဝယ်ယူသူ |
|---|---|
| (signature) | (signature) 18.1.24 |
| ဒေါ်မွန်မွန်ဦး (၈/ပခက(နိုင်)၂၆၂၀၄၁) | ဦးသက်ဖြိုးလွင် (၁၂/လသယ(နိုင်)၀၂၀၃၈၄) |
| **(for and on the behalf of Winning Way Co.,Ltd.)** | **(Shwe Kan Maw Co.,Ltd. )** |

အသိသက်သေများ

| | | | |
|---|---|---|---|
| လက်မှတ် | – (signature) | လက်မှတ် | – (signature) |
| အမည် | – နိုင်ဝင်း | အမည် | – Sandar Win |
| နသေအမှတ် | – ၁၄/အမန(နိုင်)၂၀၈၂၂၅ | နသေအမှတ် | – ၁၂/သဃက(နိုင်)၁၄၄၂၈၈၂ |
| နေရပ် | – အမှတ်(၂၆၄)၊ ကမ်းနားလမ်းနှင့်ရွှေပြည်တန်လမ်း၊နေရပ် | နေရပ် | – အမှတ်(၁၀၆၂) ယုန်းဆိုးတန်းလမ်း |
| | – သာကေတရပ်ကွက်၊မြိတ်မြို့၊ တနင်္သာရီတိုင်း။ | | – တုန်ယသူဝါလမ်း နှင့် စွန်လယ်လမ်းကြား ကျောက်တံတားမြို့နယ် |

လက်မှတ်– (signature)
အမည် – မေသဇင်ကျော်
နသေအမှတ် – ၆/ပလန(နိုင်)၁၀၅၅၆၄
နေရပ် – အမှတ်(၂၆၄)၊ ကမ်းနားလမ်းနှင့်ရွှေပြည်တန်လမ်း၊
သာကေတရပ်ကွက်၊မြိတ်မြို့၊ တနင်္သာရီတိုင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၅၀ကျပ် K 250

# " ကိုယ်တိုင်ကတိပြုဝန်ခံချက် "

ကျွန်တော် ဦးသက်ဖြိုးလွင် (မှတ်ပုံတင်အမှတ်- ၁၂/လသန(နိုင်)၀၂၀၃၈၄)၊ ရန်ကုန်မြို့တွင် နေထိုင်သူက အောက်ပါ အသိသက်သေများ ရှေ့မှောက်၌ ဤဝန်ခံချက်ကို လက်မှတ်ရေးထိုး ဝန်ခံချုပ်ဆိုပါသည်။

(ကျွန်တော် ဦးသက်ဖြိုးလွင် ဟုဆိုရာ၌ ကျွန်တော်တို့အပြင် ဇနီး/ခင်ပွန်း သား/သမီးများ၊ အမွေစား/ အမွေခံများ ဥပဒေနှင့်အညီအကျိုးခံစားခွင့်ရှိကြသူများ၊ တရားဝင် ကိုယ်စားလှယ်များ၊ ကိုယ်စားပြုခံရသူများ အားလုံး ပါဝင်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။)

၁။ အောက်ဖော်ပြပါဇယားတွင် ဖော်ပြထားသောပစ္စည်းသည် ရန်ကုန်မြို့၊ Winning Way Co., Ltd. ပိုင်ငွေဖြင့်ဝယ်ယူ၍ ကျွန်တော်အား အငှားအဝယ် (Hire Purchase) စနစ်ဖြင့် ယုံကြည်အပ်နှံ အသုံးပြုခွင့်ပေးခြင်းသာ ဖြစ်ကြောင်း ဝန်ခံပါသည်။

၂။ အဆိုပါပစ္စည်းအတွက် ကုမ္ပဏီကသတ်မှတ်ထားသည့် အရစ်ကျတန်ဖိုးငွေများ အပြေအကြေမပေးချေရသေးမီ ကာလတစ်လျှောက်တွင် ပစ္စည်း၏ပိုင်ရှင်မှာ Winning Way Co., Ltd. သာဖြစ်ကြောင်း သိရှိပါသည်။

၃။ (၁)လနှင့်အထက် ငွေပေးချေရန် ပျက်ကွက်ခဲ့ပါက ဝယ်ယူသူမှ Winning Way Co., Ltd. သို့ ငှားရမ်းဝယ်ယူထားသော Brand New Matador Generator VP-670 (Open Type) 625KVA (2)Units တည်ရှိရာနေရာ (သို့မဟုတ်) တည်ရှိသည်ဟု သံသယတည်ရှိရာ နေရာများသို့ သွားရောက်၍ Winning Way Co., Ltd. ၏ ဝန်ထမ်းများထံသို့ အဆိုပါ Brand New Matador Generator VP-670 (Open Type) 625KVA (2)Units ကို လက်ရောက်အပ်နှံပါမည်ဟု အငှားဝယ်ယူသူ မှ ဝန်ခံကတိပြုပါသည်။ ထိုသို့ Brand New Matador Generator VP-670 (Open Type) 625KVA (2)Units အတွက် သယ်ယူရမည့် ကုန်ကျစရိတ် ကျသင့်သောတန်ဖိုးငွေကို အငှားဝယ်ယူသူဘက်မှ ကျခံရမည်ကို သိရှိသဘောတူပါသည်။ ထိုကဲ့သို့ Brand New Matador Generator VP-670 (Open Type) 625KVA (2)Units အား အသုံးပြုသုံးစွဲထားသော ကီလိုကုန်ကျစရိတ်တန်ဖိုးသည် ပေးသွင်းထားပြီးသော အရစ်ကျငွေကြေးထက် ပိုမိုနေပါက အဆိုပါတန်ဖိုးငွေကို ထပ်မံပေးသွင်းရမည်ကို သိရှိပါသည်။

၄။ အကယ်၍ ကျွန်တော်သည် ကုမ္ပဏီသို့ ပေးဆပ်ရမည့် အရစ်ကျငွေများကို လစဉ်မှန်ကန်စွာ ပေးသွင်းရန် ပျက်ကွက်ပါက Winning Way Co., Ltd. အနေဖြင့် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး/ မြန်မာနိုင်ငံရဲတပ်ဖွဲ့စသည်တို့အား တိုင်ကြား၍သော်လည်းကောင်း၊ အခြားနည်းလမ်းဖြင့်သော်လည်းကောင်း၊ အချိန်မရွေး၊ နေရာမရွေး ကုမ္ပဏီပိုင်ပစ္စည်းကို လက်ဝယ်ထားရှိသူ၊ မည်သူ့ထံမှမဆို ပြန်လည်သိမ်းယူခွင့်ရှိကြောင်း ဝန်ခံပါသည်။

၅။ ပစ္စည်းတန်ဖိုးပေးသွင်းငွေများ အပြေအကြေပေးဆပ်နိုင်ခြင်းမရှိဘဲ ယင်းကုမ္ပဏီပိုင်ပစ္စည်းအား တစ်နည်းနည်းဖြင့် လွှဲပြောင်း/ရောင်းချ/ပေါင်နှံ/ပေးကမ်းခြင်းပြုမိပါက ယုံကြည်အပ်နှံမှု ဖောက်ဖျက်ခြင်းဖြစ်၍ ပြစ်မှုဆိုင်ရာဥပဒေအရ ၎င်းကုမ္ပဏီမှ အရေးယူခြင်းကို ခံယူပါမည်ဟု ဝန်ခံကတိပြုပါသည်။

၆။ အဆိုပါပစ္စည်းအား အငှားဝယ်စနစ်ဖြင့် အသုံးပြုလျက်ရှိနေစဉ် ကာလတစ်လျှောက် ပျက်စီး၍ ပြင်ဆင်ကုန်ကျစရိတ် စသည်တို့ကို မိမိတွင်သာ တာဝန်ရှိကြောင်း သိရှိပါသည်။

၇။ အဆိုပါပစ္စည်းအား အငှားဝယ်စနစ်ဖြင့် အသုံးပြုနေစဉ်ကာလအတွင်း တည်ဆဲဥပဒေနှင့် မလွတ်ကင်းသော ပြုလုပ်မှုတစ်ရပ်ကို ပြုလုပ်မိပါက မိမိတွင်သာ တာဝန်ရှိသည့်အတွက် အဆိုပါကိစ္စအား ပြီးဆုံးပြေလည်သည် အထိ တာဝန်ယူဖြေရှင်းပေးပါမည်ဟု ဝန်ခံပါသည်။

၈။ အကယ်၍ အငှားဝယ်ယူသူမှ အရစ်ကျငွေပေးချေရန် ပျက်ကွက်ပါ အထက်ပါအရောင်းအဝယ်ကိစ္စများကို အာမခံကတိပြုလက်မှတ်ရေးထိုးထားသူ ဒေါ်စန္ဒာဝင်း (Shwe Kan Maw ကိုယ်စားလှယ်) မှ အလုံးစုံတာဝန်ယူ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းကို သိရှိ သဘောတူပါသည်။

စာမျက်နှာ(၂)သို့




( ၂ )

ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ ဝန်ခံချက်များကို အငှားရောင်းချသူနှင့် အငှားဝယ်ယူသူတို့က နှစ်ဦးနှစ်ဖက်အကြေအလည်ဆွေးနွေးပြီးနောက် ကိုယ်တိုင်ဖတ်ရှုသိရှိ ကောင်းစွာနားလည်သဘောပေါက်ကြပြီး မည်သူတစ်ဦးတစ်ယောက်က ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်ဩဇာအသုံးပြုခြင်းစသည်တို့ လုံးဝကင်းရှင်းလျက် မိမိတို့၏လွတ်လပ်သော သဘောဆန္ဒနှင့်အညီ အောက်ပါအသိသက်သေများ၏ ရှေ့မှောက်တွင် အတည်ပြုလက်မှတ်ရေးထိုး၍ ဤသဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြပါသည်။

ဒေါ်စန္ဒာခင်း

(၁၂/သဃက(နိုင်)၁၄၃၉၈၂)

<u>အာမခံသူ</u>

ဦးသက်ဖြိုးလွင်(ကား)

(၁၂/လသန(နိုင်)၀၂၀၃၈၄)

<u>ဝန်ခံကတိပြုသူ</u>

<u>အသိသက်သေများ</u>

လက်မှတ် –
အမည် – ခိုင်ဝင်း
နသအမှတ် – ၁၄/အမန(နိုင်)၂၀၈၂၂၅
နေရပ် – အမှတ်(၂၆၄)၊ ကမ်းနားလမ်းနှင့်ရွှေပြည်တန်လမ်း၊နေရပ်
– သာကေတရပ်ကွက်၊မြိတ်မြို့၊ တနင်္သာရီတိုင်း။

လက်မှတ် – ----------------------
အမည် – Sandar Khin
နသအမှတ် – ၁၂/သဃက(နိုင်)၁၄၃၉၈၂
– [illegible]
– [illegible]
[illegible]